သင်တို့ထဲမှ တစ်ဦးတစ်ယောက်သည် မိမိရဲ့ညီနောင်ကို

လက်နက်ဖြင့် ချိန်ရွယ်ခြင်းမပြုရ။ အဘယ်ကြောင့်ဆိုသော်ရှိုင်သွာန်သည် သူ၏လက်ထဲက လက်နက်ကို

လွတ်ထွက်စေနိုင်သည်ဆိုသည်ကို သူမသိသောကြောင့်

ဖြစ်သည်။ ထိုသို့အားဖြင့် သူသည် ဂျဟန္နမ်ငရဲမီး၏

တွင်းတစ်တွင်းသို့ ကျရောက်သွားလိမ့်မည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "သင်တို့ထဲမှ
တစ်ဦးတစ်ယောက်သည် မိမိရဲ့ညီနောင်ကို လက်နက်ဖြင့် ချိန်ရွယ်ခြင်းမပြုရ။
အဘယ်ကြောင့်ဆိုသော် ရှိုင်သွာန်သည် သူ၏လက်ထဲက လက်နက်ကို
လွတ်ထွက်စေနိုင်သည်ဆိုသည်ကို သူမသိသောကြောင့် ဖြစ်သည်။ ထိုသို့အားဖြင့် သူသည်
ဂျဟန္နမ်ငရဲမီး၏ တွင်းတစ်တွင်းသို့ ကျရောက်သွားလိမ့်မည်။"
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မွတ်စ်လင်မ်တစ်ဦးသည်မိမိ၏အခြားမွတ်စ်လင်မ် ညီနောင်တစ်ဦးကို မည်သည့်လက်နက်အမျိုးအစားဖြင့်မဆိုချိန်ရွယ်ခြင်းမပြုရန် တားမြစ်သတိပေးတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော်ထိုသို့ချိန်ရွယ်မိပါက ရှိုင်သွာန်သည် ထိုသူ၏လက်၌ရှိသောလက်နက်ကို လှုပ်ရှားစေရန်သွေးဆောင်နိုင်ပြီး၊ ထို့နောက် မိမိ၏ညီအစ်ကိုကို သတ်မိခြင်း သို့မဟုတ်ဒဏ်ရာရစေခြင်းဖြင့် ဂျဟန္နမ်ငရဲမီး၏ တွင်းတစ်တွင်းသို့ ကျရောက်စေမည့် အပြစ်သို့ကျရောက်သွားနိုင်သည်ကိုမသိနိုင်သောကြောင့်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/66246